dvbdebate.com facebook.com/dvb.debateTwitter@dvbdebate

**DVB TV timetable**

| | | | |
|---|---|---|---|
| **Sun** | 19:15 | 21:00 | night repeat |
| **Mon** | 10:15 | 15:15 | 21:00 |
| **Wed** | 10:15 | 15:15 | 21:00 |
| **Fri** | 10:15 | 15:15 | 21:00 |

"ဒီဗွီဘီ ဒီဘိတ်" အချေအတင် ဆွေးနွေးပွဲ အစီအစဉ်ကို DVB Multimedia Group က စနေနေ့တိုင်း တိုက်ရိုက် ရိုက်ကူးပြီး ဒီဗွီဘီရုပ်သံလိုင်းမှာ တစ်ဖက်ပါ အစီအစဉ်အတိုင်း ထုတ်လွှင့် တင်ဆက်ပါတယ်။

DVB Debate ဟာ မိမိတို့ရဲ့ အတွေးအမြင် အယူအဆတွေကို လွတ်လပ်စွာ သဘောကွဲလွဲနိုင်ဖို့၊ အပြန်အလှန် နားလည်မှုတွေကို တည်ဆောက်နိုင်ဖို့၊ မြန်မာ့အနာဂတ် ပိုမိုကောင်းမွန်လာစေဖို့၊ လူ့အဖွဲ့အစည်းအတွင်းမှာ ရှိနေတဲ့ ပြဿနာတွေကို အဖြေရှာနိုင်ဖို့၊ လူတိုင်းပါဝင်နိုင်ပြီး မတူကွဲပြားတာတွေကို လက်ခံပေးနိုင်ဖို့၊ အချေအတင်ဆွေးနွေးတဲ့ ယဉ်ကျေးမှုပေါ်ထွက်လာစေဖို့ ရည်ရွယ်ပါတယ်။

မီဒီယာတွေနဲ့ အသင်းအဖွဲ့တွေကိုလည်း အခုလို လွတ်လပ် ပွင့်လင်းတဲ့ ဒီဘိတ်ရဲ့ အချေအတင် ဆွေးနွေးပွဲမှာ ပါဝင်ဖို့ကို ဖိတ်ခေါ်ပါတယ်။ အပတ်စဉ် သတင်းထုတ်ပြန်ချက်များ၊ သတင်းဓာတ်ပုံများနဲ့ ဒီဘိတ် ကာတွန်းကို ရုပ်သံရိုက်ကူးပြီး မကြာခင်မှာပဲ ဒီဗွီဘီဒီဘိတ်ရဲ့ ဖေ့စ်ဘုတ် စာမျက်နှာနဲ့ ဝက်ဘ်ဆိုက်မှာ ကြည့်ရှုနိုင်ပါတယ်။ ပြည်တွင်းမှာ ပြုလုပ်မယ့် အချေအတင် ဆွေးနွေးတဲ့ ဒီဘိတ်တွေကို ပံ့ပိုးကူညီဖို့ DVB Debate မှာ ရန်ပုံငွေ ရှိပါတယ်လို့ အသိပေးလိုပါတယ်။

# DVB DEBATE

ယခုအပတ် ဆွေးနွေးပွဲအတွက် မေးခွန်းကတော့

***"How to fight Corruption?"***

ဖြစ်ပါတယ်။(မတ် ၊၂၆ ၊၂၀၁၆ ရိုက်ကူးသည်။)

- မှတ်ချက်ပေးလိုတာ၊ အကြံပြုလိုတာနဲ့ မေးမြန်းလိုပါက ရုံးချိန်အတွင်း ဖုန်းနံပါတ် ၀၁ ၉၀၀၀၄၈၈ နဲ့ debate@dvb.no ကို ဆက်သွယ်ပြီး အဖွဲ့ဝင်တစ်ဦးဦးထံ မေးမြန်းနိုင်ပါတယ်။

**ဒီတစ်ပတ်မှာတော့ “အဂတိလိုက်စားမှုတွေကို အစိုးရသစ်လက်ထက် ဘယ်လိုတိုက်ဖျက်မလဲ” ဆိုတဲ့ ဒီဘိတ်ကို ဆွေးနွေးကြမှာ ဖြစ်ပါတယ်။**

ဘာလင်အခြေစိုက် Transparency International ၏ တကမ္ဘာလုံးရှိ ၁၆၈ နိုင်ငံ၏ အဂတိလိုက်စားမှုများကို လေ့လာ စောင့်ကြည့်ခဲ့ရာ မြန်မာနိုင်ငံသည် ၂၀၁၂ ခုနှစ်တွင် ရမှတ် ၁၅ မှတ်၊ ၂၀၁၄ ခုနှစ်က ရမှတ်၂၁ မှတ်၊ ၂၀၁၅ ခုနှစ်တွင် ၂၂ မှတ် ရရှိခဲ့သဖြင့် ၁ မှတ် တိုးလာခဲ့ပြီး နိုင်ငံပေါင်း ၁၆၈ နိုင်ငံအနက် အဆင့် ၁၄၇ တွင်ပင် ရောက်ရှိနေသည်။

"အဂတိလိုက်စားမှုဆိုသည်မှာ အများပြည်သူများ အကျိုးဆောင်ရန် ပေးအပ်ထားသည့် အာဏာနှင့် အခွင့်အရေးများကို ပုဂ္ဂလိက အကျိုးအမြတ်အတွက် အသုံးပြုခြင်း" ဟု ယခုစာတမ်းတွင် အဓိပ္ပါယ် ဖွင့်ပါသည်။ တစ်နည်း ဆိုရလျှင် "လုပ်ပိုင်ခွင့် အာဏာ အပ်နှင်းခံ ထားရသူတစ်ယောက်က၊ သူတရားဝင် ရရှိထားသော အဆင့်နေရာနှင့် ရာထူးဌာနန္တရကို သူ့ကိုယ်ကျိုးစီးပွားအတွက် အသုံးပြုခြင်း"ဟု ဦးမြင့်က သူ၏ အဂတိလိုက်စားမှု ကုထုံးစာ တမ်းတွင် ဖော်ပြထားသည်။

အဆိုပါ အဓိပ္ပါယ် ဖွင့်ဆိုချက်အရ လာဘ်ပေးလာဘ်ယူခြင်း၊ ခြိမ်းခြောက် ငွေညှစ်ခြင်း၊ လိမ်လည်ခြင်း၊ အလွဲသုံးစား လုပ်ခြင်း၊ "ဖော်လံဖား၍ အကျိုးစီးပွား ရှာခြင်း" (nepotism)၊ "သားတူညီများ ကောင်းစားရေး ဆောင်ရွက်ချက်ခြင်း" (cronyism)၊ အများပြည်သူပိုင် ပစ္စည်းကို ကိုယ်ပိုင်အဖြစ် သုံးစွဲခြင်းနှင့် ဩဇာသုံးအကြံအဖန်လုပ်ခြင်း တို့သည် အဂတိလိုက်စားမှုမြောက်သည့် အပြုအမူများတွင် အကျုံးဝင်သည်ဟုဆို ၄င်းကဆိုထားသည်။

အဂတိလိုက်စားမှု၏ အကျိုးသက်ရောက်မှုအတိုင်းအတာမှာ လူ့အဖွဲ့အစည်းတစ်ခုနှင့်တစ်ခု မတူညီဘဲ အကြမ်းအားဖြင့် ဖြစ်တောင့်ဖြစ်ခဲအဂတိလိုက်စားမှု၊ အနံ့အပြားသဘောဆောင်သော အဂတိလိုက်စားမှုနှင့် စနစ်တစ်ခုလုံးလိုပင်ဖြစ်နေသောအဂတိလိုက်စားမှုဟူ၍ သုံးမျိုးခွဲခြားနိုင်နိုင်ပြီး အဆိုးရွားဆုံးမှာ စနစ်တစ်ခုလုံး (Systemic corruption)လို ဖြစ်တည် နေသောအဂတိ လိုက်စားမှု ဖြစ်သည်ဟု ဆိုသည်။ တိုင်းပြည် တစ်ပြည်တွင် အဂတိ လိုက်စားမှုမှာစနစ်တစ်ခုလို ဖြစ်တည်သွားသည့်အခါ အဖွဲ့အစည်း မူဘောင်များ၊ စည်းမျဉ်းစည်းကမ်းများနှင့် လူတို့၏အပြုအမူနှင့် သဘောထားအမြင်များမှာ မသမာနည်းများဖြင့် အသားကျသွားပြီး အဂတိ လိုက်စားမှုသည်ပင် ဘဝနေနည်းလို ဖြစ်လာ၍ ဤသို့သော အဂတိလိုက်စားမှုမျိုးကို ကျော်လွှားဖို့ခက်ပြီး၊ စီးပွားရေးကိုလည်း အလွန်ယိုယွင်း ပျက်စီးစေနိုင်သည်ဟုလည်း သိရသည်။

လာမည့် ဧပြီလတွင် တက်ရောက်လာမည့် NLD ပါတီမှ တင်မြှောက်သည့် သမ္မတသစ် ဦးထင်ကျော်က အဂတိကင်းစင်သော လူ့အသိုင်းအဝိုင်းကို ဖော်ဆောင်မည်ဟု ဆိုထားသည်။

အဂတိလိုက်စားမှုတွင် လိုအပ်ချက်ကတွန်းပို့သော အဂတိလိုက်စားမှုနှင့် လောဘက တွန်းပို့သည့် အဂတိလိုက်စားမှု ဟူ၍ ရှိပြီး နှစ်ပေါင်းများစွာလုပ်ဆောင်လာခဲ့ပြီး နေ့စဉ်ဘဝ၌ သမားရိုးကျသဖွယ် ရှိ၍ ဓလေ့အဖြစ်ရောက်ရှိနေသည့် အဆိုပါ ကိစ္စရပ်ကို လူ့သဘာဝအရ အဘယ်မျှထိ  တွန်းလှန်နိုင်၍ အဘယ်နည်းများဖြင့် ထိန်းချုပ်နိုင်မည်နည်း ဆိုသည်ကား ယခုအကြိမ် အများအဘောကျ လက်ခံမှုဖြင့် တက်ရောက်လာသည့် အစိုးရသစ်အတွက် ခက်ခဲစွာဖြေရမည့် ပုစ္ဆာတစ်ပုဒ်လား ဆိုသည်ကို ယခုတစ်ပတ် အဂတိလိုက်စားမှုတွေကို အစိုးရသစ်လက်ထက် ဘယ်လိုတိုက်ဖျက်မလဲ ဟူသည့်ခေါင်းစဉ်ဖြင့် ပြုလုပ်မည့် ဒီဗွီဘီ ဒီဘိတ်က အဆိုပါနယ်ပယ်မှ ကျွမ်းကျင်ပညာရှင်များနှင့် ဆွေးနွေးတင်ဆက်မည်ဖြစ်ပါသည်။

## သူတို့အမြင်

“လာဘ်မစားနဲ့။ အဂတိမလိုက်စားနဲ့။ လာဘ်စားရင်၊ အဂတိလိုက်စားရင် ထောင်ပဲနော်။ ရဲဘော်ရဲဘက် အနေနဲ့တော့ ထောင်ဂင်စာလာတွေ့မယ်။ ဒါအဓိကမှာကြားတယ်”
**ဒေါ်အောင်ဆန်းစုကြည်**

“ဒီဟာ တက်လာရတာက နိုင်ငံတော်အစိုးရတစ်ခုတည်း ကြောင့်မဟုတ်ပါဘူး။ လူထုပါဂင် လာလို့ဖြစ်ရတာပါ။ အစိုးရအနေနဲ့ကတော့ ပညာပေးတဲ့အဆင့် သာသာလောက်နဲ့ပဲ ရပ်တန့်ပြီးတော့ သတင်းဖော်ပြကောင်း အောင် ဒီလောက်ပဲလုပ်တာရှိပါတယ်။ အစိုးရသစ်အနေနဲ့ ကိုင်တွယ်ရမှာကတော့ တရားဥပဒေ စိုးမိုးရေး ပါပဲ”
**ဒေါက်တာမောင်မောင်လေး** - မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်း ဒုဥက္ကဋ္ဌ ။

“မြန်မာက ၁၄၇ဆိုတော့ နည်းနည်းတက်လာတယ်လို့ မြင် နိုင်ပေမယ့် ကိုယ့်အိမ်နီးနားချင်း နိုင်ငံတွေဆိုရင် ဟိုးအပေါ်မှာ ရောက်နေတာတွေ့ရတယ်။ စင်ကာပူဆိုရင် ဆယ်ဂဏန်းတောင် မရှိတဲ့အနေအထားမှာ ရှိတယ်။အဲ ဒီတော့ ဆရာတို့အနေနဲ့ကတော့ ကြိုးစားရမှာပေါ့”
**ဒေါက်တာအောင်ထွန်းသက်** - သမ္မတ စီးပွားရေး အကြံပေး ။

*Information links:*

www.burmese.dvb.no
www.mizzimaburmese.com
www.burma.irrawaddy.org
www.7daydaily.com